# အပြောင်းအလဲ

## Calling Through the Registers

ကျွန်မ၏ အဘိုးအဘွားများ ၁၉၂၀ ပြည့်နှစ်လောက်က ဆောက်ခဲ့သော လယ်တဲအိမ်ကြီးမှာ ဝက်သစ်ချသားများဖြင့် မွမ်းမံတန်ဆာဆင်ထားသော သစ်သားအိမ်ကြီးဖြစ်ပါသည်။ ကြမ်းပြင်တွင်ဘောင်များနှင့် ရွှေ့ပြောင်းနိုင်သော လေဝင်ပေါက်များရှိသည်။ ထိုလေဝင်ပေါက်များမှာ အပေါ်ထပ်တွင်ရှိပြီး အပေါ်ထပ်အခန်းတိုင်းသို့ မီးဖိုချောင်မှ အနွေးဓါတ်ရရှိစေရန် ပိုက်များဖြင့် ဆက်သွယ်ထားပါသည်။ ကျွန်၏ ညီမဝမ်းကွဲနှင့် ကျွန်မတို့သည် ထိုလေဝင်ပေါက်များမှ တစ်ဆင့် စကားပြောရင်း ပျော်ရွှင်ရယ်မောကြရပါသည်။

"ဟေး ညည်းအပေါ်ထပ်မှာလား" အောက်ထပ်မှ တစ်ယောက်က မေးလိုက်သည်။

"အေး ငါအပေါ်ထပ်မှာရှိတယ်" အပေါ်ထပ်အခန်းထဲရှိ တစ်ယောက်က ပြန်ပြီးပြောကာ "အောက်ထပ်မှာ အခြေအနေကောင်းရဲ့လား" ဟုမေးလိုက်သည်။

"ကောင်းပါတယ်။ တို့တွေနေရာချင်းလဲရအောင်"

အဘွားမမြင်အောင် နေရာချင်း အပြေးအလွှားလဲကြသည်။ အဘွားမြင်သွားပါက အပေါ်ထပ်တွင်မပြေးရန် တစ်ယောက်နှင့်တစ်ယောက် စကားတွတ်ထိုး၍ တခစ်ခစ်မရယ်ရန် ပြောလေ့ရှိသည်။

ကျွန်မကြီးပြင်းလာသောအခါ ကျွန်မတို့မိသားစုသည် ဘုရားကျောင်းတစ်ခုသို့ တက်ခဲ့ရသည်။ ဘုရားကျောင်းတွင် ဂျိုကာနှင့်တစ်ဖဲတို့ ပါဝင်သော ဖဲကစားနည်းမျိုး၊ ကခြင်း၊ အမျိုးသမီးများ ဘောင်းဘီဝတ်၍ ဘုရားကျောင်းတက်ခြင်းစသည် ဘုရားကျောင်းအများစုတွင် ကန့်သတ်ထားသော အရာများကို မပြုလုပ်ရပေ။ အချို့ဘုရာကျောင်းများမှာမူ သမ္မာကျမ်းစာနှင့်ကိုက်ညီပြီး အချို့မှာမူ ကိုက်ညီမှုမရှိကြပေ။

သို့ရာတွင် ၁၉၆၉ ခုနှစ်တွင် ကျွန်မသည် Family International နှင့် တွေ့ပြီးသည့်နောက် ယခုမှပင် ကျွန်မ၏ ဇာတိအမှန်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရှိလိုက်ရတော့သည်။ နောက်ဆုံးတွင်မူ ကျွန်မ၏ နှလုံးအိမ်ထဲတွင် ခိုင်မာနက်နဲစွာ ယုံကြည်နေသော စိတ်နှင့်ကိုက်ညီသည့် ဘာသာတရားကို တွေ့ခဲ့ရပြီ ဖြစ်ပါသည်။ သို့ရာတွင် ဤဘာသာတရားသည်ကား ကျွန်မအား မွေးမြူခဲ့သည့် ဘာသာတရားနှင့်တော့မူ အလွန်ပင်ခြားနားလှပါသည်။ ဂစ်တာတီး၍ ဓမ္မသီချင်းများ သီဆိုပူဇော်ခြင်းကို အသားကျရန်မှာ လွယ်ကူသည်တော့မဟုတ်ပါချေ။

တစ်နေ့တွင် ကျွန်မသည် မိသားစု၏ ယုံကြည်မှုများနှင့် လူနေမှုပုံစံများနှင့် ဆိုးရွားစွာအလှမ်းကွာနေခြင်း ရှိမရှိသိလိုလှသဖြင့် စိတ်နှလုံးနှစ်၍ ဆုတောင်းခဲ့မိပါသည်။ ထိုစဉ်၌ ကျွန်မသည် အဘိုးအဘွားများ၏ လယ်တဲအိမ်ကြီးသို့ ရုတ်တရက်ဆိုသလိုပင် ပြန်၍ရောက်ရှိသွားပြီး အဘိုး (အဘိုးဆုံးပါးသွားသည်မှာ ကြာခဲ့ပြီဖြစ်ပါသည်) က၊ အိမ်အပေါ်ထပ်ရှိ လေဝင်ပေါက်မှတစ်ဆင့် ကျွန်မကို စကားလှမ်းပြောနေသကဲ့သို့ ခံစားလိုက်မိသည်။ အဘိုးက

"ဟေး မြေးလေး သမီးနေကောင်းရဲ့လား" မေးပါသည်။

"ကောင်းပါတယ် ဘိုးဘိုး၊ အခုပြောနေတာ တကယ်ပဲ ဘိုးဘိုးလား။ သမီးတစ်ခုလောက်သိချင်လို့ပါ။ သမီးက ဘုရားသခင်ကို အခုလို အလုပ်အကျွေးပြုချင်တာဟာ မှန်ကန်ရဲ့လားဟင်။ သမီးကိုကော အဲဒီလိုလုပ်စေချင်သလား ဘိုးဘိုး"

"အင်းလေ သမီးကကော ဘယ်လိုယူဆသလဲ"

"သမီးကတော့ မှန်တယ်လို့ထင်ပါတယ်။ ဒါပေမဲ့ သမီးက ဘုရားကျောင်းမှာ ဓမ္မလင်္ကာတွေကိုပဲဆိုပြီး ကြီးပြင်းခဲ့ရတာ။ အခုလို ဓမ္မသီချင်းမဆိုခဲ့ရဘူးလေ။ အဲဒါကတော့ လုံးဝကွာခြားနေတယ်။

"အေး သမီးသင်ခဲ့ရတာနဲ့တော့ ကွာကောင်းကွာမှာပေါ့လေ။ ဒါပေမဲ့ သမီးဟာ ဒီဂျေးဆက်ကိုပဲ ဝတ်ပြုကိုးကွယ်နေတာမို့လား။ သမီးဆုတောင်းတော့လဲ ဂျေးဆက်ကိုပဲ ဆုတောင်းနေတာပဲလေ။ သူ့ကို ချီးကျူးပူဇော်တဲ့သီချင်းတွေ ဆိုတဲ့အခါ အဲဒီသံစဉ်က ရော့ခ်ဂီတဖြစ်နေရင်တောင်မှ သမီးက ဂျေးဆက်ကို ချစ်မြတ်နိုးကြောင်း ဖော်ပြနေတာပဲ မဟုတ်လား"

ထိုအဖြစ်အပျက်က ကျွန်မအတွက် အိမ်မက်မဟုတ်ပါ။ ကျွန်မသည် ပန်းဥယျာဉ်တစ်ခုထဲတွင် နေ့ခင်းကြောင်တောင်ကြီး၌ ကြည်လင်လန်းဆန်းစွာ နိုးနေခြင်းဖြစ်ပါသည်။ ဘိုးဘိုးကိုတော့ ကျွန်မ မမြင်ရပါ။ သို့ရာတွင် ဘိုးဘိုး၏အသံကိုမူ ကျွန်မတို့ ငယ်စဉ်က ညီမဝမ်းကွဲနှင့်အတူ လေဝင်ပေါက်မှ စကားပြောခဲ့ကြသလို ကြည်လင်ပြတ်သားစွာ ကြားရခြင်းဖြစ်ပါသည်။ ထိုအဖြစ်အပျက်ကား ဘဝ၏ အပြောင်းအလဲတစ်ခုဖြစ်သကဲ့သို့ ယုံကြည်မှုတည်ဆောက်သည့် အတွေ့အကြုံတစ်ခုလည်း ဖြစ်ပါသည်။ ၃၈နှစ်ကြာသောအခါ ဘိုးဘိုး၏ ပြောစကားမှန်ကန်ကြောင်း သံသယ ကင်းစွာဖြင့် ကျွန်မပြောနိုင်ခဲ့ပါသည်။ ကျွန်မတို့ ဂျေးဆက်ကို မည်သို့မည်ပုံ ချစ်မြတ်နိုးခြင်းသည် အဓိကမဟုတ်ပါ။ သို့သော် ကျွန်မတို့ ဂျေးဆက်ကို ချစ်မြတ်နိုးခြင်းသည်သာ ပဓာနဖြစ်ပါသည်။

(ဂျွိုက်စ ဆတ်တင်)
(By. Joyce Suttin)

# မည်သူဖုန်းဆက်သနည်း?

## The Phone Call

လော်ရီတာသည် ကျွန်မဆီသို့ လာရောက်လည်ပတ်ပြီးနောက် သူမ၏ အိမ်သို့ပြန်ရောက်စကလေးတွင်ပင် ညစာအတွက် ပေါင်မုန့်လိုသေးသည်ကို သတိရလိုက်သောကြောင့် အပြင်သို့ပြန်ထွက်ပြီး ပေါင်မုန့်ဝယ်ရန် ဟန်ပြင်လိုက်သည်။ အိမ်တံခါးကို ပိတ်နေဆဲမှာပင် အိမ်ထဲမှ သူမ၏ ဆဲလ်ဖုန်းမြည်သံကြားသဖြင့် အိမ်ထဲသို့ ပြန်ဝင်ခဲ့သည်။ ထိုအချိန်တွင်ပင် ကျွန်မ၏ အိမ်ဖုန်းမြည်သံကို ကြားလိုက်ရသည်။ ကျွန်မက အခြားအခန်းတစ်ခန်းသို့ ရောက်နေသဖြင့် ဖုန်းဆီသို့ရောက်ရန် အချိန်အနည်းငယ်ကြာသွားသည်။ ကျွန်မက "ဟယ်လို" ဟု ထူးလိုက်သကဲ့သို့ တစ်ဘက်မှ လော်ရီတာကလည်း "ဟယ်လို" ဟုပင်ပြန်၍ ထူးလိုက်သည်။ သူမဘာကြောင့် ဖုန်းဆက်တာပါလိမ့်ဟု စဉ်းစားရင်း တစ်ဦး၏အပြောကိုတစ်ဦးက စောင့်နေရသဖြင့် တစ်ခဏမျှ ငြိမ်သက်နေမိကြသည်။ ကျွန်မက သူမထံသို့ ဖုန်းမဆက်ကြောင်း ပြောသကဲ့သို့ သူမကလည်း ကျွန်မထံကို ဖုန်းဆက်ကြောင်း ပြန်ပြောသည်။ သူမဘယ်ရောက်နေသလဲဟု ကျွန်မကမေးသောအခါ သူမက အိမ်သို့ချောမောစွာ ပြန်ရောက်နေပြီဖြစ်ကြောင်း ပြောသည်။ သို့ဖြင့် ဖုန်းခွက်များကို ချထားလိုက်ကြပါသည်။

ထိုအခိုက်တွင် လမ်းထဲမှ လူအများအုတ်အော်သောင်းတင်း ဖြစ်နေသံကို လော်ရီတာ ကြားလိုက်ရသဖြင့် ဘာများဖြစ်သနည်းဟု ကြည့်ရှုရန် ထွက်ခဲ့သည်။ သူမ၏အိမ်ရှေ့ ခြံဝင်းဂိတ်သို့ ရောက်သောအခါ သူမ၏ အိမ်ရှေ့တွင် ရပ်ထားခဲ့သော သူမ၏ကားကို အခြားကားတစ်စီးက ဘေးမှ ဝင်တိုက်မိထားကြောင်း တွေ့ရှိလိုက်ရတော့သည်။ အမူးသမားတစ်ဦးက သူမ၏ကားကို ဘေးမှတိုက်လိုက်ပြီး ပလက်ဖောင်းပေါ်သို့ ထိုးတက်ကာ လမ်းသွားလမ်းလာများကို တိုက်မိခြင်းဖြစ်ပါသည်။ ထိုသို့ကားတိုက်မှု ဖြစ်သည့်အချိန်မှာကား ကျွန်မ၏ဖုန်းခေါ်သံကြားသည်ထင်၍ သူမအိမ်ထဲသို့ ပြန်၍ဝင်သောအချိန်နှင့် တစ်ထပ်တည်းဖြစ်နေပါတော့သည်။

ကျွန်မက လော်ရီတာကို ဖုန်းမဆက်သကဲ့သို့ လောရီတာကလည်း ကျွန်မထံကို ဖုန်းမဆက်ခဲ့ပါဘဲလျက် ကျွန်မတို့၏ ဖုန်းနှစ်လုံးက တစ်ချိန်တည်း တပြိုင်တည်းမြည်ကာ ကျွန်မတို့နှစ်ဦးကို အဘယ်ကဲ့သို့ ဆက်သွယ်ပေးခဲ့ပါသနည်း။ အမူးသမား၏ကားက သူမ၏ကားနှင့် လမ်း သွားလမ်းလာများကို ဝင်ရောက်တိုက်မိချိန်၌ သူမသည် သူမ၏ကားထဲတွင် ရှိနေချိန်ဖြစ်သင့်ပါလျက် အဘယ်သူက သူမအား ဖုန်းဆက်၍ ကြောက်မက်ဖွယ် ထိုအဖြစ်အပျက်မှ သူမ၏အသက်ကို ကယ်ခဲ့ပါသနည်း။ သင်ရှင်းပြနိုင်ပါသလား။ ကျွန်မကတော့ ရှင်းမပြတတ်ပါ။ သို့သော် လောရီတာသည် မယုံနိုင်လောက်အောင် အကာအကွယ်ပေးခံခဲ့ရကြောင်းကိုမူ ကျွန်မသိနေပါသည်။ ကျိုးကြောင်းဆက်စပ်မှုအရဖြစ်စေ၊ အတတ်ပညာနည်းပညာပိုင်းအရဖြစ်စေ မည်သူက မည်သို့ပင် ရှင်းပြပါစေ။ ကျွန်မအနေဖြင့်မူ လောရီတာအား အန္တရာယ်စက်ကွင်းမှ ဘုရားသခင်က ဖုန်းဆက်၍ ကယ်တင်လိုက်သည်ဟု ကျွန်မစွဲမြဲခိုင်မာစွာ ယုံကြည်မိပါသည်။ တစ်စုံတစ်ဦးကမူ ယင်းအဖြစ်ကို လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်ဟု ပြောပါသည်။ ကျွန်မကမူ အံ့ဩကုန်နိုင်ဖွယ် ဖြစ်ရပ်ဟု ဆိုချင်ပါသည်။ သင်ကကော မည်သို့အမည်တပ်ချင်ပါသနည်း။

(ကာလာရာ ဒန်နောင်း)

(By. Clara Dunnow)